## Easter Sunday

### 1st READING: *Acts 10:34a, 37-43*

တမန်တော်ဝတ္ထု ၁ဝး ၃၄၊ ၃၇–၄၃

ထိုအခါပေတရုသည် နှုတ်ကိုဖွင့်၍၊ အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။ ယောဟန်သည်ဗတ္တိဇံတရားကိုဟောသည်နောက် ဂါလိလဲပြည်မှစ၍ယုဒပြည်အရပ်ရပ်တို့၌ နှံ့ပြား သောအကြောင်းအရာကိုသင်တို့သည်သိကြ၏။ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်၊ တန်ခိုးတော်နှင့်၊ နာဇရက်မြို့သားယေရှုကို ဘိသိက်ပေးတော် မူသဖြင့်၊ ထိုသူသည် ဘုရားသခင်၏အခွင့်တော်နှင့် ကျေးဇူးပြုလျက် မာရ်နတ်ညှဉ်းဆဲသောသူအပေါင်းတို့အား ချမ်းသာကိုပေး လျက် လှည့်လည်တော်မူ၏။ ငါတို့သည်လည်း၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်တွင် ပြုတော်မူသော အမှုများတို့၏ သက်သေခံဖြစ်ကြ၏။ ထိုသူကို သစ်တိုင်၌ဆွဲ၍ ကွပ်မျက်ကြလေ၏။ သုံးရက်မြောက်သော နေ့၌ ဘုရားသခင်သည်ထမြောက်စေတော်မူ၍၊ လူအပေါင်းတို့အား ထင်ရှား စွာပြတော်မမူ။ ဘုရားသခင် ခန့်ထားတော်မူနှင့်သော သက်သေခံတည်းဟူသော ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။ သေခြင်းမှထမြောက် တော်မူသည်နောက်၊ ထိုသခင်နှင့်အတူငါတို့သည်စားသောက်ရ ကြ၏။ ထိုသခင်သည်လည်း အသက်ရှင် သောသူတို့နှင့် သေသော သူတို့ကို တရားစီရင်သောသခင် ဖြစ်စေခြင်းငှါ၊ ဘုရားသခင်ခန့်ထားတော်မူကြောင်းကို လူအပေါင်းတို့အား ဟောပြောကြလော့။ သက်သေခံကြလော့ဟု ငါတို့အား ပညတ်ထားတော်မူ၏။ထိုသခင်ကို ယုံကြည်သော သူရှိသမျှတို့ သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြ လတံ့ဟူ၍ ပရောဖက်အပေါင်း တို့သည် ထိုသခင်၏သက်သေခံဖြစ်ကြသည်ဟု ပေတရုမြွက်ဆို၏။

## Responsorial Psalm  Psalm  118: 1-2, 16-17, 22-23

ဆာလံကျမ်း        ၁၁၈း ၁–၂၊ ၁၆–၁၇၊ ၂၂–၂၃

၁–၂။ ထာဝရဘုရားသည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းကြလော့။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူ၏။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်းအစ္စရေးလ်လူမျိုးတို့ဝန်ခံကြစေ။

၁၆–၁၇။ ယာလက်တော်သည်ရဲဝံ့စွာပြုတော်မူပြီ။ထာဝရဘုရား၏လက်ယာလက်တော်သည်ချီးမြှောက်ခြင်းခံရ၏။ ထာဝရဘုရား၏လက်ယာလက်တော်သည်ရဲဝံ့စွာပြု တော်မူပြီ။ ငါသည်မသေသေး။ ငါသည်အသက်ရှင်လျက်ထာဝရဘုရားပြုတော်မူသောအမှုအရာတို့ကိုငါပြောပြရဦးမည်။

၂၂–၂၃။ တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။ ဤသည်ကား၊ထာဝရဘုရားပြုတော်မူသောအမှုအရာဖြစ်၏။ ငါတို့မျက်စိထဲတွင်မူကား၊ အံ့ဩဖွယ်ကောင်းလှပေ၏။

**2nd READING: 1 Corinthians 5:6b-8**
ကော်ရင့်သုဩဝါဒပထမစာစောင် ၅း ၆–၈

ကယ်တင်ခြင်းခံရပေမည်။ သင်တို့၏ကြွားဝါမှုသည်ကောင်းသောအရာမဟုတ်ပေ။ တဆေးအနည်းငယ်သည်မုန့်ညက်တပြင်လုံးကိုဖောင်းကြွစေကြောင်းသင်တို့မသိကြသလော။ တဆေးအဟောင်းကိုစွန့်ပစ်ကြလော့။ သို့မှသာလျှင်သင်တို့သည်အမှန်စင်စစ်တဆေးမဲ့ဖြစ်ကြသည်နှင့်အညီမုန့်ညက်အသစ်ဖြစ်ကြပေမည်။ အကြောင်းမူကားငါတို့၏ပါစကားသိုးငယ်တော်ဖြစ်သောခရစ်တော်သည်ယဇ်ကောင်အဖြစ်ပူဇော်ခြင်းခံခဲ့ရလေပြီ။ထို့ကြောင့်ယုတ်မာမှုနှင့်မကောင်းမှုတည်းဟူသောတဆေးဟောင်းဖြင့်မဟုတ်ဘဲ၊ရိုးသားဖြောင့်မတ်မှုနှင့်အမှန်တရားတည်းဟူသောတဆေးမဲ့မုန့်ဖြင့်ပွဲတော်ကိုကျင်းပကြစို့။

## **GOSPEL:** *John 20:1-9*

ရှင်ယောဟန်ဧဝံဂေလိကျမ်း **၂၀း ၁–၉**

ရက်သတ္တပတ်တွင်ပထမနေ့နံနက်စောစောမှောင်နေဆဲအချိန်တွင်မာရိယာမာဒလေးနာသည်သင်္ချိုင်းတော်သို့လာသောအခါသင်္ချိုင်းဂူဝမှကျောက်သည်ရွှေ့ထားလျက်ရှိသည်ကို မြင်၏။ ထို့ကြောင့်သူမသည်စီမုန်ပေတရုနှင့်သခင်ယေရှုးချစ်တော်မူသောတပည့်တော်ထံသို့ပြေးသွားပြီးလျှင်သူတို့သည်သခင်ဘုရားကိုသင်္ချိုင်းဂူမှယူဆောင်သွားကြပါပြီ။ အဘယ်မှာထားကြသည်ကိုကျွန်မတို့မသိပါဟုတပည့်တော်တို့အားဆို၏။ ထိုအခါပေတရုသည်အခြားတပည့်တော်တို့နှင့်အတူသင်္ချိုင်းတော်သို့သွားကြ၏။ သူတို့နှစ်ဦးအတူပြေးသွားကြစဉ်အခြားသောတပည့်တော်သည်ပေတရုကိုကျော်လွန်၍သင်္ချိုင်းတော်သို့ဦးစွာရောက်လေ၏။ သူသည်သင်္ချိုင်းဂူတွင်းသို့ငုံ၍ကြည့်သောအခါပိတ်အဝတ်ကျန်ရစ်သည်ကိုမြင်ရ၏သို့သော်လည်းသူသည်မဝင်ဘဲစောင့်နေ၏။ သူ၏နောက်မှလိုက်လာသောစီမုန်ပေတရုရောက်လာသောအခါသင်္ချိုင်းတွင်းသို့ဝင်သဖြင့်ရှိနေရစ်သောအလောင်းတော်ပတ်အဝတ်ကိုလည်းကောင်း၊ကိုယ်တော်၏ဦးခေါင်းတော်ပေါ်မှပုဝါသည်ပိတ်အဝတ်များနှင့်အတူမရှိဘဲ၊တစ်နေရာတွင်သီးသန့်လိပ်ထားလျက်ရှိသည်ကိုလည်းကောင်းမြင်ရ၏။ ထို့နောက်သင်္ချိုင်းတော်သို့ဦးစွာရောက်ရှိသောအခြားတပည့်တော်သည်လည်းဂူထဲသို့ဝင်၍တွေ့မြင်သောကြောင့်ယုံကြည်လေ၏။အကြောင်းမူကားကိုယ်တော်သည်သေခြင်းမှရှင်ပြန်ထမြောက်ရမည်ဟူသောကျမ်းစကားကိုသူတို့နားမလည်ကြသေးချေ။